MTSH Myanmar Thilawa SEZ Holdings Public Limited
Rooftop Floor, UMFCCI Office Tower, No.29, Min Ye Kyaw Swar Street, Lanmadaw Township, Yangon, Myanmar.

ရက်စွဲ။ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၇ ရက်

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် အဆိုပြုထားသည့် အမြတ်ဝေစု၊ အမြတ်ဝေစုခံစားခွင့်ရရှိမည့်အစုရှယ်ယာရှင်အဖြစ် အတည်ပြုမည့်ရက်နှင့် အမြတ်ဝေစုခံစားခွင့်မရှိသော အစုရှယ်ယာဝယ်ယူသည့်ရက်တို့အား အသိပေးကြေညာခြင်း**

မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုး(လ်)ဒင်း(စ်) ပတ်ဘလစ် လီမိတက်မှ ၂၀၁၈ ခုနှစ်၊ မတ်လ ( ၃၁ ) ရက်တွင် ကုန်ဆုံးသည့် ဘဏ္ဍာနှစ်အတွက် အဆိုပြုအမြတ်ဝေစုပမာဏကို ၂၀၁၈ ခုနှစ်၊ ဇွန်လ ( ၂၆ ) ရက်တွင် ကျင်းပပြုလုပ်သည့် ဒါရိုက်တာအဖွဲ့ အစည်းအဝေးမှ သာမန်အစုရှယ်ယာ တစ်စုလျှင် ၂၃၀ ကျပ်နှုန်း ခွဲဝေရန် ဆုံးဖြတ်ကြောင်းအသိပေးကြေညာအပ်ပါသည်။ ယင်းအဆိုပြုထားသည့် အမြတ်ဝေစုပမာဏကို ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ( ၁၅ ) ရက်နေ့တွင် ကျင်းပပြုလုပ်ရန် ရည်ရွယ်ထားသည့် ပဉ္စမအကြိမ် နှစ်ပတ်လည်အထွေထွေအစည်းအဝေးတွင် အစုရှယ်ယာရှင်များ၏ အတည်ပြုချက်ဖြင့်ခွဲဝေသွားမည် ဖြစ်ပါသည်။

မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုး(လ်)ဒင်း(စ်) ပတ်ဘလစ် လီမိတက်အနေဖြင့် အဆိုပါအမြတ်ဝေစုခံစားခွင့်ရှိသည့် အစုရှယ်ယာရှင်များကို ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ( ၁၇ ) ရက် (အမြတ်ဝေစုခံစားခွင့်ရရှိမည့် အစုရှယ်ယာရှင်အဖြစ် အတည်ပြုမည့်ရက်) (Record Date) နေ့တွင်ရှိသော အစုရှယ်ယာရှင်စာရင်းအရ သတ်မှတ်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အစုရှယ်ယာရှင်များမှ အတည်ပြုပြီးသော အမြတ်ဝေစုပမာဏနှင့် အဆိုပါအမြတ်ဝေစုခွဲဝေပေးမည့်နေ့ကို ပဉ္စမအကြိမ် နှစ်ပတ်လည်အထွေထွေအစည်းအဝေးပြီးသည့်နောက်တွင် အသိပေးကြေညာသွားမည် ဖြစ်ပါသည်။

MTSH Myanmar Thilawa SEZ Holdings Public Limited

Rooftop Floor, UMFCCI Office Tower, No.29, Min Ye Kyaw Swar Street, Lanmadaw Township, Yangon, Myanmar.

**၂၀၁၈ ခုနှစ်၊ မတ်လ ၃၁ ရက်တွင် ကုန်ဆုံးသည့် ဘဏ္ဍာနှစ်အတွက် အမြတ်ဝေစု ခွဲဝေခြင်း**

| | ၂၀၁၈ ခုနှစ်၊ မတ်လ ၃၁ ရက်တွင် ကုန်ဆုံးသည့် ဘဏ္ဍာနှစ်အတွက် အဆိုပြုချက် | ၂၀၁၇ ခုနှစ်၊ မတ်လ ၃၁ ရက်တွင် ကုန်ဆုံးသည့် ဘဏ္ဍာနှစ်အတွက် အဆိုပြုချက် |
|---|---|---|
| အမြတ်ဝေစုခံစားခွင့်ရရှိရန် နောက်ဆုံးဝယ်ယူရမည့်နေ့ | ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက် | ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၈ ရက် |
| အမြတ်ဝေစုခံစားခွင့်မရှိသော အစုရှယ်ယာဝယ်ယူသည့်ရက် | ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက် | ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၉ ရက် |
| အမြတ်ဝေစုခံစားခွင့်ရရှိမည့် အစုရှယ်ယာရှင်အဖြစ်အတည်ပြုမည့်ရက် | ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက် | ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက် |
| အစုရှယ်ယာတစ်စုအတွက် အမြတ်ဝေစု | ၂၃၀ ကျပ် | ၂၆၀ ကျပ် |
| စုစုပေါင်း အမြတ်ဝေစုခွဲဝေသည့် ပမာဏ | ကျပ်သန်းပေါင်း ၈,၉၅၃.၇၀ ကျပ် | ကျပ်သန်းပေါင်း ၁၀,၁၂၁.၅၈ ကျပ် |
| ငွေအရင်းအမြစ် | ယခုနှစ်အမြတ် | ယခုနှစ်အမြတ် |
| အမြတ်ဝေစုထုတ်ပေးမည့်ရက် | ထပ်မံကြေညာပါမည် | ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက် |

* **အမြတ်ဝေစုခံစားခွင့်မရှိသောအစုရှယ်ယာဝယ်ယူသည့်ရက်** (***Ex-dividend Date***)ဆိုသည်မှာ ရန်ကုန်စတော့အိပ်ချိန်းမှ သတ်မှတ်ထားသည့် စာရင်းရှင်းခြင်းနှင့် ပေးချေခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်း (T+3 Settlement) အရ အမြတ်ဝေစု ရရှိရန်အတွက် နောက်ဆုံးဝယ်ယူရမည့်နေ့ရက်သည် **အမြတ်ဝေစုခံစားခွင့်ရရှိမည့် အစုရှယ်ယာရှင်အဖြစ်အတည်ပြုမည့်ရက် (Record Date)** မတိုင်မီ (၃)ရက် ဖြစ်ရပါမည်။ **အမြတ်ဝေစုခံစားခွင့်ရရှိမည့် အစုရှယ်ယာရှင်အဖြစ် အတည်ပြုမည့်ရက် (Record Date)** မတိုင်မီ ရှေ့(၂)ရက်မှစ၍ အစုရှယ်ယာဝယ်ယူပါက အဆိုပါအစုရှယ်ယာအား ဝယ်ယူသူသည် ယခုအဆိုပြုထားသည့် အမြတ်ဝေစုကို ခံစားခွင့်ရရှိမည် မဟုတ်ပါ။

***** အမြတ်ဝေစုခံစားခွင့်ရရှိမည့် အစုရှယ်ယာရှင်အဖြစ်အတည်ပြုမည့်ရက် (Record Date)*** ဆိုသည်မှာ အဆိုပါနေ့ရက်တွင် အစုရှယ်ယာရှင်စာရင်း၌ မှတ်တမ်းဝင်သော အစုရှယ်ယာရှင်များသည် အစုရှယ်ယာရှင် ရရှိမည့်အခွင့်အရေးများ (အမြတ်ဝေစုနှင့် နှစ်ပတ်လည် အထွေထွေအစည်းအဝေးတွင် မဲပေးခွင့်) ကို ရရှိမည်ဖြစ်ပါသည်။

**"Record Date"** ၏ အဓိပ္ပာယ်အားပိုမိုသိရှိနားလည်နိုင်ရန် YSX ၏ ရှင်းလင်းချက်ကို https://ysx-mm.com/en/notice-27062016_01/ တွင်ဖတ်ရှုနိုင်ပါသည်။

**အောင်စိုးသာ**

Managing Director